# ကျောင်းကျန်းမာရေး

- ကျောင်းကျန်းမာရေးလုပ်ငန်းရည်ရွယ်ချက်၊
- ကျောင်းကျန်းမာရေးတာဝန်နှင့်ဝတ္တရားများ
- ကျောင်းကျန်းမာရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများ

# ကျောင်းကျန်းမာရေးလုပ်ငန်း၏ ရည်ရွယ်ချက်

## ယေဘုယျရည်ရွယ်ချက်

- ကျောင်းရှိကျောင်းသားလူငယ်များ၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်ရန်

## ဝိသေသရည်ရွယ်ချက်များ

- ကျောင်းသားလူငယ်များ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများသိရှိ ကျင့်သုံးစွဲမြဲစေရန်

- ကျောင်းသားလူငယ်များ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းရှိလူအားလုံးအား ကျန်းမာရေး အဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ်များ (Health Promoting School Approach) အတိုင်း ကျောင်းကျန်းမာရေးစောင့်ရှောက်မှုပေးရန်

- ကျောင်းကျန်းမာရေးလုပ်ငန်းမှတဆင့် တစ်မျိုးသားလုံးကျန်းမာရေး အဆင့်မြင့်မားတိုးတက်လာ စေရန်

# အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၏ ကျောင်းကျန်းမာရေးတာဝန်နှင့် ဝတ္တရားများ

၁။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ၊ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေး လုပ်ငန်း ၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ မကူးစက်သောရောဂါများနှင့် ကူးစက်ရောဂါများ ကာကွယ်ခြင်းလုပ်ငန်း၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေး လုပ်ငန်းများကို ဆောင်ရွက်ရန်။

၂။ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများပြုစု၍ အဆင့်ဆင့်တင်ပြရန်။

# ပညာရေးဝန်ထမ်းများ၏ ကျောင်းကျန်းမာရေးတာဝန်ဝတ္တရားများ

# (က) ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၏အခန်းကဏ္ဍ

ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အဓိကဦးဆောင်ရမည့်အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ ထို့ကြောင့် မိမိတို့ ဆောင်ရွက်နေသည့် များပြားသောအလုပ်တာဝန်များတွင် ဤကျောင်းကျန်းမာရေး လုပ်ငန်းများ သည်လည်း ဘက်စုံပညာရေးတွင် အဓိက အခန်းကဏ္ဍတစ်ခု ဖြစ်ကြောင်း နားလည်သဘောပေါက်၍ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ သတ်မှတ်လမ်းညွှန်ချက် အတိုင်း မိမိတို့၏ တာဝန်များအနေဖြင့်

- နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်း၊
- အပတ်စဉ်ဆောင်ရွက်ရမည့်လုပ်ငန်း၊
- လစဉ်ဆောင်ရွက်ရမည့်လုပ်ငန်းနှင့်
- အခါအားလျော်စွာဆောင်ရွက်ရမည့်လုပ်ငန်းများဟူ၍ ယေဘုယျအားဖြင့် ကဏ္ဍများခွဲကာ ဆောင်ရွက်ကြရပါမည်။

## (ခ) ဆရာ၊ ဆရာမများ၏အခန်းကဏ္ဍ

အခြေခံပညာဆရာ၊ ဆရာမများသည် ဘက်စုံပညာရေးကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် ကျောင်းသား/ကျောင်းသူများနှင့် နီးနီးကပ်ကပ် ထိတွေ့မှုအရှိဆုံးဖြစ်ရာ နိုင်ငံတော်ကမျှော်မှန်းသော ပန်းတိုင်သို့ရောက်ရှိနိုင်စေရန် ဖန်တီး အပေးနိုင်ဆုံး ဗိသုကာများဖြစ်သည်နှင့်အမျှ မိမိတို့က ဘာသာရပ်များကို သင်ကြားပေးရုံ သာမက ကျန်းမာသန်စွမ်းသော လူငယ်များဖြစ်လာစေရန် တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းကျန်းမာရေး လုပ်ငန်းများနှင့်ပတ်သက်၍

- နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်း၊
- အပတ်စဉ်ဆောင်ရွက်ရမည့်လုပ်ငန်း၊
- လစဉ်ဆောင်ရွက်ရမည့်လုပ်ငန်းနှင့်
- အခါအားလျော်စွာဆောင်ရွက်ရမည့်လုပ်ငန်းများဟူ၍ ယေဘုယျအားဖြင့် ကဏ္ဍများခွဲကာ ဆောင်ရွက်ကြရပါမည်။

## (ဂ) မြို့နယ်ပညာရေးမှူးများ၏အခန်းကဏ္ဍ

- (က) မြို့နယ်ပညာရေးမှူးများသည် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ညှိနှိုင်း၍ မြို့နယ်ကျောင်းကျန်းမာ ရေးကော်မတီကို တစ်နှစ်လျှင်(၂)ကြိမ်နှင့် လိုအပ်သလို အစည်းအဝေးခေါ်ယူပြီး ကျန်းမာရေးအဖွဲ့များနှင့် ညှိနှိုင်း၍ကျောင်းများ၌ လိုအပ်သောအချက်အလက်များကို အင်အားဖြည့်တင်းပေးရန်နှင့် ကူညီဆောင်ရွက် ပေးရန်ဖြစ်သည်။
- (ခ) အထူးသဖြင့် မြို့နယ်ကျောင်းကျန်းမာရေးကော်မတီဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူရသော မြို့နယ်ပညာရေးမှူးသည် မြို့နယ်တစ်မြို့နယ်လုံး၏ ကျောင်းကျန်းမာရေးနှင့် ပတ်သက်၍ ပညာရေးဌာနတွင် တာဝန်အရှိဆုံးဖြစ်ပါသည်။
- (ဂ) မြို့နယ်ပညာရေးမှူးသည် ပညာရေးဝန်ထမ်းများအား စည်းရုံးတာဝန်ပေးအပ်၍ လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းညှိနှိုင်း၍ လည်းကောင်း၊ မြို့နယ်ကျောင်းကျန်းမာရေးကော်မတီ၏ လမ်းညွှန်ကူညီမှုဖြင့်လည်းကောင်း လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

# ကျောင်းကျန်းမာရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများ

(က) ဗဟိုအဆင့်ကျောင်းကျန်းမာရေးကော်မတီ

(ခ) တိုင်းဒေသကြီး/ ပြည်နယ်ကျောင်းကျန်းမာရေးကော်မတီ

(ဂ) ခရိုင်ကျောင်းကျန်းမာရေးကော်မတီ

(ဃ) မြို့နယ်ကျောင်းကျန်းမာရေးကော်မတီ

(င) ကျောင်းအဆင့်ကျောင်းကျန်းမာရေးကော်မတီ

(ထက်၊ လယ်၊ မူကျောင်းအားလုံး)

# (ဃ) မြို့နယ်ကျောင်းကျန်းမာရေးကော်မတီ

| | |
|---|---|
| မြို့နယ်ကျန်းမာရေး(ပြည်သူ့ကျန်းမာ/ ကုသ) ဦးစီးဌာနမှူး | ဥက္ကဋ္ဌ |
| မြို့နယ်ပညာရေးမှူး | ဒုတိယ ဥက္ကဋ္ဌ |
| အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ် (၁) ဦး | အဖွဲ့ဝင် |
| အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ် (၁) ဦး | အဖွဲ့ဝင် |
| ဦးစီးအရာရှိ(ကျန်းမာပညာ/ အခြေခံကျန်းမာ) | |
| မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းများ၏ ကိုယ်စားလှယ် (၂) ဦးစီ | အဖွဲ့ဝင် များ |

| | |
|---|---|
| မြို့နယ် အခြေခံပညာဦးစီးဌာနမှ ဒုတိယဦးစီးမှူး(ကာယနှင့်ကျောင်း ကျန်းမာ) | အဖွဲ့ဝင် |
| မြို့နယ်အတွင်းရှိ ကိုယ်ပိုင်ကျောင်းများ၏ ကိုယ်စားလှယ် (၁)ဦး | အဖွဲ့ဝင် |
| မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ကျောင်းများ၏ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| မြို့နယ်အတွင်းရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်း ကျောင်းများ၏ ကိုယ်စားလှယ်(၁) ဦး | |
| ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနလက်အောက်ရှိ မြို့နယ်ဦးစီးအရာရှိ | အဖွဲ့ဝင် |
| မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကိုယ်စားလှယ်(၁) ဦး | အဖွဲ့ဝင် |
| မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ် (၁) ဦး | အဖွဲ့ဝင် |
| မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| ကျောင်းကျန်းမာရေးဆရာဝန် (သို့) လက်ထောက်ဆရာဝန် (မိခင်ကလေး၊ ကျောင်း၊ အာဟာရ) (သို့) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးမှ တာဝန်ပေးသူ | အတွင်းရေးမှူး |
| ဒုတိယမြို့နယ်ပညာရေးမှူး(သို့မဟုတ်) လက်ထောက်မြို့နယ်ပညာရေးမှူး | တွဲဘက်အတွင်းရေးမှူး (၁) |
| မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးမှ တာဝန်ပေးသူ (၁) ဦး | တွဲဘက်အတွင်းရေးမှူး (၂) |

# မြို့နယ်ကျောင်းကျန်းမာရေးကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

(က) သတ်မှတ်ထားသော ဖွဲ့စည်းပုံအတိုင်း မြို့နယ်ကျောင်းကျန်းမာရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ခ) ကျောင်းကျန်းမာရေးလုပ်ငန်းသည် လူထုလူပ်ရှားမှုအသွင် ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခု ဖြစ်သည့်အလျောက် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများ၊ မိဘဆရာအသင်းများ၊ ရပ်မိရပ်ဖပြည်သူများ တက်ညီလက်ညီ ပါဝင် လာစေရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊

(ဂ) မိမိတို့ခရိုင်အတွင်းရှိ မြို့နယ်များ၏ပါဝင်မှုဖြင့် ပညာသင်နှစ်အလိုက် ဦးစားပေးဆောင်ရွက်မည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို ဒေသလိုအပ်ချက်အပေါ်မူတည်၍ ဖော်ထုတ်ခြင်းနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ဃ) ကျောင်းအဆင့်ကျောင်းကျန်းမာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဆန်းစစ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) မြို့နယ်အတွင်းရှိ ကျောင်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အခါအားလျော်စွာ ကွင်းဆင်းကြီးကြပ်ခြင်း၊ ၎င်းတို့ကြုံတွေ့ရသည့် လုပ်ငန်းအခက်အခဲ ပြဿနာများကို ဖြေရှင်းနိုင်ရန် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) မြို့နယ်အတွင်းရှိ ကျောင်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဆန်းစစ်သုံးသပ် နိုင်ရေးအတွက် မြို့နယ်ကျောင်းကျန်းမာရေးကော်မတီ အစည်းအဝေးကို (၆)လတစ်ကြိမ် နှင့် လိုအပ်သလို ကျင်းပပြုလုပ်ခြင်း၊

(ဆ) မြို့နယ်အတွင်း ကျောင်းကျန်းမာရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းများနှင့်လည်းကောင်း၊ ခရိုင်ကျောင်း ကျန်းမာရေးကော်မတီနှင့်လည်းကောင်း အစဉ်ဆက်သွယ်ဆောင်ရွက်ခြင်း၊

# ကျောင်းအဆင့်ကျောင်းကျန်းမာရေးကော်မတီ

| | | |
|---|---|---|
| ၁ | ကျောင်းအုပ်ကြီး | ဥက္ကဋ္ဌ |
| ၂ | မိဘဆရာအသင်းဒု-ဥက္ကဋ္ဌ(မိဘ) | ဒုတိယဥက္ကဋ္ဌ |
| ၃ | မူလယ်၊ထက်ဆရာ၊ဆရာမကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၄ | မူလယ်၊ထက်ဆရာ၊ဆရာမကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၅ | မူလယ်၊ထက်ဆရာ၊ဆရာမကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၆ | မိဘဆရာအသင်းမှရွေးချယ်ပေးသောမိဘနှစ်ဦး | အဖွဲ့ဝင် |
| ၇ | ကျောင်းကျန်းမာရေးလုပ်ငန်းအတွက်တာဝန်ပေးအပ်ခြင်းခံရသောဆရာမတစ်ဦး | အတွင်းရေးမှူး |
| ၈ | မိဘဆရာအသင်းမှတွဲဘက်အတွင်းရေးမှူး (မိဘ) | တွဲဘက်<br>အတွင်းရေးမှူး |
| ၉ | ဥက္ကဋ္ဌမှရွေးချယ်ပေးသောကိုယ်စားလှယ်တစ်ဦး | ငွေထိန်း |
| ၁၀ | မိဘဆရာအသင်းမှရွေးချယ်ပေးသောပုဂ္ဂိုလ်တစ်ဦး | စာရင်းစစ် |

# ကျောင်းအဆင့်ကျောင်းကျန်းမာရေးကော်မတီဆောင်ရွက်ရန်လုပ်ငန်းတာဝန်များ

(က) ကျောင်းအဆင့်ကျောင်းကျန်းမာရေး ကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ မိဘလုပ်သား ပြည်သူများ ပါဝင်လှုပ်ရှားစေရေးအတွက် စည်းရုံး ဆောင်ရွက်ရန်။

(ခ) ကျောင်းကျန်းမာရေးလုပ်ငန်းများတွင်ပါဝင်သော ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းများကို ရည်ရွယ်ချက်နှင့်အညီ ပြည့်ဝအောင်မြင်ရေးအတွက် လက်တွေ့ဆောင်ရွက်ရန်။

(ဂ) ကျောင်းကျန်းမာရေး၏ရည်ရွယ်ချက်အတိုင်း ထိရောက်အောင်မြင်ရေးအတွက် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် နှင့် ဗဟိုတို့မှ ညွှန်ကြားချက်အတိုင်း စီမံဆောင်ရွက်ရန်။

(ဃ) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော စာရင်းဇယားများ၊ ငွေ စာရင်းအထားအသို ထိန်းသိမ်းမှုများ စသည်တို့ကို စနစ်တကျထားရှိပြီး၊ စာရင်းရုံး၏ကူညီအကြံပေးမှုကို ရယူဆောင်ရွက်ရန်။

(င) လိုအပ်သောစာရင်းဇယားများကို ညွှန်ကြားချက်နှင့်အညီ မြို့နယ်ကျောင်းကျန်းမာရေးကော်မတီသို့ပေးပို့၍ မိတ္တူကို သက်ဆိုင်ရာ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် နှင့် ဗဟို ကျောင်းကျန်းမာရေးကော်မတီများသို့ ပေးပို့ရန်။

(စ) လုပ်ငန်းဆောင်ရွက်ချက်၏ အောင်မြင်တိုးတက်မှုများကို သက်ဆိုင်ရာသို့ အဆင့်ဆင့်တင်ပြ အကူအညီတောင်းခံရန်။

ကျေးဇူးတင်ပါတယ်။